Myanmar Garment Manufacturers Association

# NEWSLETTER

SEPTEMBER 2023




## ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ အတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာပေးပွဲသို့ MGMA ၏ ဥက္ကဋ္ဌ တက်ရောက်

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (နေပြည်တော်) မှကြီးမှူးကျင်းပသည့် ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ အတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာပေးပွဲသို့ MGMA ၏ ဥက္ကဋ္ဌ ဦးမြင့်စိုး တက်ရောက်ခဲ့သည်။ အဆိုပါအသိပညာပေးပွဲအား ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်က LOTTE Hotel ၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၁) ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Promotion of the Value of National Skills Recognition Certificate through Skills Development System စီမံကိန်း၏ Project Steering Committee (PSC) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၏ဆွေးနွေးဆုံးဖြတ်ခဲ့မှုအရ ပြုလုပ်ခြင်းဖြစ်သည်။



ဂျာမနီသံရုံးမှ တာဝန်ရှိသူမှ MGMA သို့လာရောက်တွေ့ဆုံ



မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံ နှီးနှောဖလှယ်ပွဲ

# မာတိကာ

## Activities and News **Page**


ဂျာမနီသံရုံးမှ တာဝန်ရှိသူမှ MGMA သို့လာရောက်တွေ့ဆုံ ........................................................................ ၂

ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ အတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာပေးပွဲသို့ MGMA ၏ ဥက္ကဌ တက်ရောက် ........................................................................ ၃-၄

Cargo Freight Space Tour to Dagon Seikken Industrial Zone ........................................................................ ၅

မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ ........................................................................ ၆

လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး ........................................................................ ၇

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု " စံ " သတ်မှတ်ပြဌာန်းရေးအဖွဲ့ (NSSA) Level 1 စစ်ဆေးခြင်း ........ ၈

NSSA's Garment Sewing Machine Operator Level 2 စစ်ဆေးခြင်း ........................................................................ ၉

စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၂၂-၂၃) ........................................................................ ၁၀

အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် ( ၂၂၅ ) ........................................................................ ၁၁

အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်း (VLCA) ................ ၁၂


## Upcoming Activities

| *No.* | *Descriptions* | *Date & Time* | *Venue* |
|---|---|---|---|
| 1. | Labour Law Awareness Training Batch – 24 & 25 | TBA | MGHRDC |
| 2. | Basic Sewing Machine Operator Training (Batch – 228) | TBA | MGHRDC |

## Membership Update


New Member in September 2023 ........................................................................ ၁၃

Membership update as of September 2023 ........................................................................ ၁၃

# ဂျာမနီသံရုံးမှ တာဝန်ရှိသူမှ MGMA သို့လာရောက်တွေ့ဆုံ



ဂျာမနီသံရုံး (ရန်ကုန်) မှ Economic Counsellor မှ MGMA သို့ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်က MGMA အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံခဲ့သည်။

အစည်းအဝေးတွင် MGMA မှ ဥက္ကဌ နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဂျာမနီသံရုံး (ရန်ကုန်) ၏ Economic Counsellor, Mr.Alexander Nowak တို့မှ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း၏ လက်ရှိအခြေအနေ နှင့် စိန်ခေါ်မှုများကို တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ MGMA ၏ ဥက္ကဌ၊ ဒု-ဥက္ကဌ၊ အထွေထွေအတွင်းရေးမှူး နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ CTGA မှတာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြသည်။









# ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ အတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာပေးပွဲသို့ MGMA ၏ ဥက္ကဋ္ဌ တက်ရောက်



U Myint Soe, Chairman of MGMA discussing skill development system

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဌာန်းရေးအဖွဲ့ (နေပြည်တော်) မှကြီးမှူးကျင်းပသည့် ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ အတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာပေးပွဲသို့ MGMA ၏ ဥက္ကဋ္ဌ ဦးမြင့်စိုး တက်ရောက်ခဲ့သည်။ အဆိုပါအသိပညာပေးပွဲအား ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်က LOTTE Hotel ၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Promotion of the Value of National Skills Recognition Certificate through Skills Development System စီမံကိန်း၏ Project Steering Committee (PSC) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၏ဆွေးနွေးဆုံးဖြတ်ခဲ့မှုအရ ပြုလုပ်ခြင်းဖြစ်သည်။



အသိပညာပေးပွဲတွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုးမှ ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ အတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ များကို ဆွေးနွေးပြောကြားခဲ့ပြီး မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ အထွေထွေအတွင်းရေးမှူး ဒေါ် ခိုင်ခိုင်နွယ်မှ အမှာစကားပြောကြားခဲ့သည်။

အသိပညာပေးပွဲသို့ MGMA ၏ ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိ လူကြီးမင်းများ၊ NSSA မှတာဝန်ရှိလူကြီးမင်းများ၊ ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ အလုပ်အကိုင် ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေး ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။



Daw Khine Khine Nwe, Secretary General of MGMA giving opening remark



U Tun Tun, CEC of MGMA discussing skill development system



Delegates of Association



Delegates of Association



Delegates of Association



Delegates of Association

# Cargo Freight Space Tour to Dagon Seikken Industrial Zone




MGMA မှဦးဆောင်သည့် Cargo Freight Space Tour Program အား ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်က ဒဂုံဆိပ်ကမ်း စက်မှုဇုန်ရှိ Maersk Myanmar သို့သွားရောက်ခဲ့ကြသည်။

ပထမဦးစွာ Maersk Line Myanmar Ltd ၏ Country Sales Director , Dr.Jonathan Chih မှ Maersk Myanmar ၏အကြောင်းများ၊ CFS နှင့်ပတ်သက်သည့် Facilities နှင့် Capabilities များအကြောင်းကို အမေးအဖြေကဏ္ဍများဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် MGMA ၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မန်နေဂျင်းဒါရိုက်တာ၊ နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ နှင့် MGMA ၏အဖွဲ့ဝင်စက်ရုံများမှ ကိုယ်စားလှယ်များက Maersk Myanmar Warehouse နှင့် cargo freight space တွင်လုပ် ဆောင်နေသော ကုန်စည်ပို့ဆောင်ရေးနည်းစနစ် အဆင့်ဆင့် ကို လေ့လာကြည့်ရှုခဲ့ကြသည်။ အဆိုပါ Tour Program သို့ သက်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၈ ဦး လိုက်ပါလေ့လာခဲ့ကြသည်။













# မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ

Korea Garment Association in Myanmar (KOGAM) မှဦးဆောင်ကာ မြန်မာနိုင်ငံရှိ နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့်အတူမြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံ နှီးနှောဖလှယ်ပွဲကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် Sorabol Korea Restaurant ၌ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် MGMA မှ ထပ်မံပြုလုပ်မည့် ပွဲများ၊ ရန်ကုန်မြို့တွင်ကျင်းပပြုလုပ်မည့်ဖြစ်သော Made in Myanmar Garment Expo နှင့်သက်ဆိုင်သည့်ကိစ္စရပ်များ ၊ MGMA ၏ Membership Service အတွက် လိုအပ်သော နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင်များအသင်းအဖွဲ့ ၄ ဖွဲ့၏ ထောက်ခံစာနှင့်ပတ်သက်သည့် ကိစ္စရပ်များ နှင့် အထည်ချုပ်လုပ်ငန်း၏ Buyer's Order နှင့်ပတ်သက်သည့် လက်ရှိစိန်ခေါ်မှုများအကြောင်း ဆွေးနွေးခဲ့ကြသည်။



ညစာစားပွဲသို့ မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းအသင်းများ ဖြစ်သော မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA), Korea Garment Association in Myanmar (KOGAM), Japan Garment Manufacturers Association (JGMA) နှင့် Chinese Textile & Garment Association in Myanmar (CTGA) တို့မှဥက္ကဋ္ဌများ၊ ဒု-ဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များတက်ရောက်ခဲ့ကြသည်။



# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး



လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်က UMFCCI, အခန်း (၄၀၄) အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သည်။

အစည်းအဝေးအား MGMA ၏မန်နေဂျင်းဒါရိုက်တာမှ သဘာပတိအဖြစ် ဦးဆောင်စတင်ခဲ့ပြီး အလုပ်အမှုဆောင်များမှ ရှန်ဟိုင်းတွင်ပြုလုပ်ခဲ့သည့် Intertextile Shanghai Apparel Fabrics – Spring Edition 2023 နှင့်သက်ဆိုင်သည့် သုံးသပ်ချက်များ နှင့် အသင်းသားများပါဝင်တက်ရောက်ရာတွင် စိစစ်မှုပြုလုပ်နိုင်ရေး၊ မြန်မာနိုင်ငံတွင်ပြုလုပ်မည့် AFTEX Meeting နှင့်ပတ်သက်သည့် ပြင်ဆင်မှုများ၊ CMP အသင်းဝင်များ၏ KG စာရင်းဇယားများရှင်းလင်းမှု၊ နှစ်စဉ်ကြေးပေးသွင်းခြင်းဆိုင်ရာ ကိစ္စရပ်များ နှင့် လက်ရှိအသင်းဝင်ရောက်ထားမှုများ၊ MGMA ၏ရုံးခန်းသစ်ပြောင်းရွှေ့ခြင်းဆိုင်ရာအကြောင်းအရာများနှင့် Member များအား ပေးမည့် Soft Skill training နှင့် ပတ်သက်သည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးသို့ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။





# မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု “ စံ “ သတ်မှတ်ပြဌာန်းရေးအဖွဲ့ (NSSA) Level 1 စစ်ဆေးခြင်း

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု ” စံ ” သတ်မှတ်ပြဌာန်းရေးအဖွဲ့ (NSSA) မှ National Skill Standard Authority (NSSA) Level 1 အကဲဖြတ်စစ်ဆေးခြင်းကို ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၉ ရက်မှ ၂၁ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အဆိုပါစက်ရုံရှိ Operator Level ဝန်ထမ်းများအား ရေးဖြေအဖြစ် Multiple Choice မေးခွန်းများ နှင့် လက်တွေ့စစ်ဆေးမှုအဖြစ် စက် (၅) မျိုးဖြစ်သော Single Needle Lock Stitch Machine, Four Thread Overlock Machine, Button Hole Machine, Button Attached Machine, Bartack Machine တို့ကို လက်တွေ့အသုံးပြုပုံများကို အကဲဖြတ်စစ်ဆေးခဲ့သည်။

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဌာန်းရေးအဖွဲ့သည် ဒေသတွင်းသာမက နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်မှု အခြေပြုလုပ်သားထုတစ်ရပ် ပေါ်ထွန်းစေရန်ရည်ရွယ်၍ ယခုလိုစစ်ဆေးမှုများကိုပြုလုပ်ပေးခြင်း ဖြစ်သည်။



NSSA Accessor Team and Candidates



NSSA’s Accessor conducting training



Practical Test



Practical Test



Knowledge Test



Knowledge Test

# NSSA's Garment Sewing Machine Operator Level 2 စစ်ဆေးခြင်း



NSSA Accessor Team and Candidates

NSSA's Garment Sewing Machine Operator Level 2 စစ်ဆေးခြင်းကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်မှ ၃၁ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ MGHRDC ၌ပြုလုပ်သည်။

NSSA accessor team မှ ဩဂုတ်လ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဗဟုသုတဆိုင်ရာများကို သင်ကြားပေးခဲ့ပြီး လက်တွေ့စစ်ဆေးခြင်းကို ဩဂုတ်လ ၃၀ ရက်နှင့် ၃၁ ရက် တို့တွင် ပြုလုပ်ခဲ့သည်။ စစ်ဆေးရာတွင် စုစုပေါင်း သင်တန်းသား ၂၂ ယောက်အား Single Needle Machine နှင့် Special Machines (၉) မျိုး တို့နှင့်ပတ်သက်၍ ဗဟုသုတဆိုင်ရာ စစ်ဆေးခြင်းများနှင့် လက်တွေ့လုပ်ဆောင်ခြင်း တို့ကိုပြုလုပ်ပေးခဲ့သည်။ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့သည် ဒေသတွင်းသာမက နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်မှု အခြေပြုလုပ်သားထုတစ်ရပ် ပေါ်ထွန်းစေရန်ရည်ရွယ်၍ ယခုလိုစစ်ဆေးမှုများကိုပြုလုပ်ပေးခြင်းဖြစ်သည်။





NSSA Accessor conducting training



Knowledge Test



Knowledge Test



Practical Test



Practical Test

## စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၂၂-၂၃)



Batch – 22 Group Photo



Batch – 23 Group Photo

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးကာ စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၂၂-၂၃) ကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နှင့် ၂၂ ရက် များတွင် မြန်မာနိုင်ငံအထည်ချုပ်လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းကို MGMA ၏စည်းမျဉ်းစည်းကမ်းများအရမဖြစ်မနေတက်ရောက်သင့်သည့်သင်တန်းဖြစ်ပြီး အသင်းဝင်အထည်ချုပ်စက်ရုံများတွင်အလုပ်သမားဥပဒေလေးစားလိုက်နာမှုခိုင်မာအားကောင်းစေရန်ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ သင်တန်းတွင် MGMA ၏ Labour Officer ဦးမင်းစိုးဟန်မှ Induction & Employment, Working Hours & Overtime, Paying Wages, Workplace Relations, Settlement of Disputes & WCC and Labour Organization များကို ဆွေးနွေးမှုများ၊ အမေးအဖြေ ကဏ္ဍများဖြင့်သင်ကြားပေးခဲ့သည်။ သင်တန်းသို့ အသင်းဝင်စက်ရုံ (၃၈) ရုံ မှ HR ဌာန နှင့် Production ဌာနမှ ဝန်ထမ်းဦးရေ (၆၅) ယောက်တက်ရောက်ခဲ့သည်။ MGMA အနေဖြင့် အထည်ချုပ်လုပ်ငန်းစဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေး ရည်မှန်းချက်၏တစ်စိတ်တစ်ပိုင်းအနေဖြင့် သင်တန်းကိုလစဉ်ပုံမှန် ပြုလုပ်သွားမည်ဖြစ်သည်။



Discussion and Q&A Session



Senior Labour Officer of MGMA Lecturing Labour Law Awareness

# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် ( ၂၂၅ )

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၂၅) ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်မှ စက်တင်ဘာလ ၁၅ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ သင်တန်းသို့ သင်တန်းသား (၃၅) ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။



Batch – 225 Group Photo



Trainer of MGHRDC giving training method



MGMA conducting Labour Law Awareness



Practice Session



Practice Session



Giving Certificates

# အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်း (VLCA)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၏ Voluntary Labour Compliance Assessment အစီအစဉ်အဖြစ် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် အသင်းဝင်စက်ရုံ ၁ ရုံအားသွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါစက်ရုံ Textile Palace Co.,Ltd အား စက်တင်ဘာလ ၁ ရက်တွင် MGMA ၏ Senior Labour Officer မှသွားရောက်ကာ VLCA အစီအစဉ်တွင်အကျုံးဝင်သည့်စာရွက်စာတမ်းအားလုံး နှင့်ကိုက်ညီမှုရှိ၊မရှိကို အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့သည်။ Voluntary Labour Compliance Assessment သည် ၂၀၁၉ ခုနှစ်တွင် MGMA နှင့် ILO/ACTEMP တို့ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည့် အလုပ်သမားဥပဒေလေးစားလိုက်နာမှု ဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်းအစီအစဉ်တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် တွင် တရားဝင်ကြေညာခဲ့သည်။






Textile Palace Co.,Ltd

## UPCOMING ACTIVITIES

| . | Description | Date & Time | Venue |
|---|---|---|---|
| 1. | Labour Law Awareness Training Batch – 24 & 25 | TBA | MGHRDC |
| 2. | Basic Sewing Machine Operator Training (Batch – 228) | TBA | MGHRDC |

# MEMBERSHIP UPDATE

New Members in September 2023

| Country | No. of New Member Factories |
|---|---|
| China | 3 |
| Myanmar | 3 |
| Total | 6 |

Membership Update as of September 2023

| Status | Country | No. of Factories |
|---|---|---|
| Active | Myanmar | 59 |
| | China | 305 |
| | Korea | 54 |
| | Japan | 19 |
| | Others | 20 |
| | Joint Venture | 29 |
| | Local, Sub-Con, Marketing, Inspection ,Textile | 44 |
| Total (Active) | | 530 |
| Closed, Non-Active | | 289 |
| Grand Total | | 819 |